ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ( ၁၈ / ၂၀၁၈)

၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

**နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများလိုက်နာကျင့်သုံးရန်ပြဋ္ဌာန်းခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ၁၇၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသည့်လုပ်ပိုင်ခွင့်နှင့်တာဝန်များအရ ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်ကြေညာလိုက်သည်။

၂။ တည်ဆဲဥပဒေများအရ ဖွဲ့စည်းတည်ထောင်သောအများပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့အစည်းများ (Public Interest Entities) သည် ဘဏ္ဍာရေးအစီရင်ခံတင်ပြရာတွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards- IFRS®) နှင့်အညီ မလွဲမသွေလိုက်နာကျင့်သုံးရန် သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။

၃။ အများပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့အစည်းများတွင် အောက်ဖော်ပြပါ အဖွဲ့အစည်းများပါဝင်သည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၂ (ခ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်သည့် ဘဏ်၊ ဘဏ်မဟုတ်သောငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဖယားဝင်အဖွဲ့အစည်းများ (ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လိုင်စင်ထုတ်ပေးထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေစုငွေချေးအသင်းများ၊ စာတိုက်ငွေစုဘဏ် )

(ခ) အာမခံလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရ တည်ထောင်ထားသောအာမခံကုမ္ပဏီများနှင့် အာမခံလုပ်ငန်းအဖွဲ့အစည်းများ၊

(ဂ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တည်ထောင်ထားသောအများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၊အစိုးရဖက်စပ်ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီ၏ ထူးခြားအရေးပါသည့် လက်အောက်ခံကုမ္ပဏီများ

(ဃ) ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ (၁၂) တွင် ဖော်ပြထားသောကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များ၊

(င) တည်ဆဲဥပဒေများနှင့်အညီမြန်မာနိုင်ငံစာရင်းကောင်စီက အခါအားလျော်စွာ သတ်မှတ်သောလုပ်ငန်းအဖွဲ့အစည်းများ၊

၄။ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်ပတ်သက်၍ နိုင်ငံတကာစာရင်းစံအဖွဲ့ (IASB) က အခါအားလျော်စွာ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းများကို အချိန်နှင့်တပြေးညီ၊ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ဤအမိန့်ကြော်ငြာစာပါပြဋ္ဌာန်းချက်များသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ ရေးဆွဲသောဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းများနှင့် အကျုံးဝင်သက်ရောက်စေရမည်။ ယင်းကဲ့သို့ လိုက်နာဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ထက် စောလျင်စွာကျင့်သုံးနိုင်သကဲ့သို့ အထက်အပိုဒ် ၃ တွင် ဖော်ပြထားသောလုပ်ငန်းအဖွဲ့အစည်းများသာမက မည်သည့်လုပ်ငန်းမျိုး၌မဆို လိုက်နာကျင့်သုံးလိုပါကလည်း ကျင့်သုံးနိုင်ပါသည်။

၆။ ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေကို စောင့်ကြည့်စိစစ်သုံးသပ်ရန်နှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၀ (က)(၄) အရဖွဲ့စည်းထားသော စာရင်းဆိုင်ရာစံများကော်မတီနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၀ (က) (၆) အရဖွဲ့စည်းထားသော စာရင်းကိုင်လုပ်ငန်းဆိုင်ရာစောင့်ကြည့်စစ်ဆေးရေးကော်မတီက တာဝန်ယူရမည်။

၇။ မြန်မာနိုင်ငံစာရင်းကောင်စီက ၆-၅-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းကိုင်စံများကို ဤအမိန့်ကြော်ငြာစာအကျုံးဝင်သက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက/၁၀၀/( ၆၁၅ /၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ဥက္ကဋ္ဌ၊အာမခံလုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
(မြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၂)တွင်ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်ကြော်ငြာစာစာတွဲ

အမိန့်အရ

ခင်ပြုံးရီ

ညွှန်ကြားရေးမှူး